ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၃၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၃၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၂.၃၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၃၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၉)ရက်မြောက်နေ့ ၂၇-၉-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ မြန်မာနိုင်ငံ မသန်စွမ်းကလေးလူငယ်များ၏ အခြေအနေလေ့လာမှုအစီရင်ခံစာ မိတ်ဆက်အခမ်းအနား တက်ရောက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲနှင့် ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေးတို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၇)ဦးဖြစ်ပြီး၊ စုစုပေါင်းခွင့်ပန်ကြားသူ (၁၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်ကခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၇)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ စီမံကိန်း လုပ်ငန်းများဖြစ်သော လမ်း၊ တံတားများနှင့် ကျောင်း၊ ဆေးရုံ၊ ဈေး စသည့် အဆောက်အအုံများကို ဆောက်လုပ်ခွင့်ရရှိသော ကုမ္ပဏီများအား စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့် မကိုက်ညီပါက အရေးယူခြင်းများကို လုပ်ဆောင်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများဖြစ်သော လမ်း၊ တံတားများနှင့် ကျောင်း၊ ဆေးရုံ၊ ဈေး အစရှိသည့် အဆောက်အအုံများကို ဆောက်လုပ်ခွင့်ရရှိသော ကုမ္ပဏီများအား စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့် မကိုက်ညီပါက အရေးယူခြင်းများကို လုပ်ဆောင်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး၊ မင်္ဂလာပါခင်ဗျား။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

၂၀၁၅ ခုနှစ်၊ မတိုင်မီကာလများက နိုင်ငံတော်အစိုးရမှ စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောက်လုပ်ခဲ့သော လမ်း၊ တံတားနှင့် စာသင်ကျောင်း၊ အစိုးရရုံး၊ ဆေးရုံ၊ ဝန်ထမ်းအိမ်ရာ၊ အစရှိသည့် အဆောက်အဦများထဲမှ အချို့သော အဆောက်အဦနှင့် လမ်းတံတားများသည် သတ်မှတ်ကာလ မတိုင်မီ တစ်နှစ်အတွင်းမှာပင် ပျက်စီးဆုံးရှုံးခဲ့သည်ကို တစ်နိုင်ငံလုံးရှိ ပြည်သူများ တွေ့မြင်သိရှိပြီး ဖြစ်ပါတယ်။

အမှန်တကယ်တော့ အဆိုပါ လမ်း၊ တံတားနှင့် အဆောက်အဦများကို ပြည်သူများ အခွန်ဆောင်ခြင်းမှ ရရှိသော အခွန်ငွေများ၊ နိုင်ငံတော်၏ သဘာဝသယံဇာတများကို ရောင်းချခြင်းမှ ရရှိသော ငွေကြေးများနှင့် တစ်ချိန် နိုင်ငံတော်နှင့် ပြည်သူတို့ ပြန်ဆပ်ရမည့် နိုင်ငံခြားတိုင်းပြည်နှင့် ကမ္ဘာ့ဘဏ်နှင့် ဘဏ်အသီးသီးမှ ချေးယူထားသော ချေးငွေများဖြင့် အဓိက ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ထိုကဲ့သို့သော ပျက်စီးမှုများကြောင့် ပြည်သူ့ဘဏ္ဍာငွေများ သဲထဲရေသွန်သကဲ့သို့ အဖတ်မတင်ဘဲ ဆုံးရှုံးခဲ့ရသဖြင့် ယခုအချိန်တွင် နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေမှာ ဝေသာလီပြည် ဘီလူးဝင်ပြီးကာစလို အရိုးများသာ ကျန်ရှိခဲ့ပါတယ်။ ပျက်စီးခဲ့သည့် အဆောက်အဦ၊ လမ်း၊ တံတားများကို လေ့လာကြည့်မည်ဆိုလျှင် ပျက်စီးရခြင်း အဓိကတရားခံမှာ ဆောက်လုပ်သော ကုမ္ပဏီများသည် မိမိကိုယ်ကျိုးကိုသာကြည့်ပြီး ပြည်သူ့မျက်နှာကို မကြည့်ဘဲ ဆောက်လုပ်ခဲ့ခြင်း၊ တစ်ဆင့်လွှဲပြောင်းလုပ်ကိုင်ခဲ့ခြင်းနှင့် သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အသွေးများ ပြည့်မီမှုမရှိသဖြင့် ရေရှည်မခံဘဲ သတ်မှတ်ကာလမရောက်ရှိမီ ယခုကဲ့သို့ ပျက်စီးယိုယွင်းခဲ့ရခြင်း ဖြစ်ပါတယ်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသစ်အနေဖြင့် ယခုလုပ်ဆောင်ရမည့် စီမံကိန်းလုပ်ငန်းများကို ယခင်ကကဲ့သို့ ပြည်သူတို့၏ဘဏ္ဍာငွေများ ဆုံးရှုံးမှုမဖြစ်စေရန်အတွက် ပြည်သူ့ဘဏ္ဍာငွေများကို မိမိတို့ကိုယ်ပိုင်ဘဏ္ဍာငွေများကဲ့သို့ တန်ဖိုးထား၍ အတိတ်က အမှားများကို သင်ခန်းစာယူ၍ အကောင်းဆုံး စီမံခန့်ခွဲ၍ ပြင်ဆင်လုပ်ဆောင်နိုင်ဖို့ လိုအပ်လှပါတယ်။ ထိုသို့မဟုတ်ဘဲ အတိတ်က အမှားများကို မပြင်ဆင်ဘဲ လျှော်ကြီးထိုး ရိုးရိုးပုံစံအတိုင်း ဆက်သွားနေမည်ဆိုပါက နောက်(၅)နှစ်တွင် နိုင်ငံတော်နှင့် ပြည်သူတို့၏ ကြွေးမြီမှာ ဒေါ်လာ ဘီလျံ (၉၀၀၀) မှ (၁၈၀၀၀)သာပိုလာရုံရှိပြီး ပြည်သူတို့အတွက် ဘာအကျိုးခံစားမှုမှ ရရှိမည်မဟုတ်ပါ။

သို့ဖြစ်ပါ၍ အစိုးရသစ်အနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ မျက်နှာကိုမျှ မကြည့်ဘဲ ပြည်သူမျက်နှာကိုသာကြည့်ပြီး နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများကို ကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပေးသည့်အခါ စံချိန်စံညွှန်း၊ စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ သတ်မှတ်ခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် စောင့်ကြည့်အကဲဖြတ် လေ့လာမှုများ ပြုလုပ်ခြင်း၊ သတ်မှတ် စံချိန်စံညွှန်းများနှင့် သတ်မှတ်အရည်အသွေးများ ပြည့်မီမှု ရှိ/မရှိ စစ်ဆေးခြင်း၊ စာချုပ်စည်းမျဉ်းများတွင် သတ်မှတ်ပြဋ္ဌာန်းသော အချိန်ကာလမရောက်ရှိမီ ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်ခဲ့ပါက ထိရောက်စွာ အရေးယူခြင်းများ လုပ်ဆောင်သွားရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ် ရှိပါက မည်ကဲ့သို့ စီမံလုပ်ဆောင်သွားမည်ကို သိရှိလိုပါသဖြင့် ပြည်သူများအကျိုးအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်အတွင်းရှိ မြေလင်းချောင်းကူးရေကျော် ကွန်ကရစ်တံတားအား ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း က စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်အတွင်းရှိ မြေလင်းချောင်းကူး ရေကျော် ကွန်ကရစ်တံတားအား ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလင်း ချောင်းကူးရေကျော်တံတားဟာ ဆင်ကုန်း - ဝန်းသို - ပင်လည်ဘူးလမ်းပေါ်မှာရှိပြီး ခံစားချောင်းကို ဖြတ်ကူးထားတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ တံတားမှာ ယခင်က "ပ"ပုံ ရေကျော်တံတားဖြစ်တာကြောင့် မိုးရွာသွန်းမှုများတဲ့အခါ တောင်ကျချောင်းရေမှာ ဒလဟော စီးဆင်းသွားခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်က ပြန်လည်တည်ဆောက်ခဲ့တဲ့ တံတားမှာ ပုံစံပြောင်းပြီး တည်ဆောက်လိုက်တာကြောင့် တစ်ဖက် ပိတ်ဆည်ကဲ့သို့ ဖြစ်နေပါတယ်။ ပေ(၂၀)အကျယ် ရေထွက်ပေါက် နှစ်ခုသာရှိတာကြောင့် ရေထွက် ဧရိယာနည်းပြီး မိုးအလွန်များတဲ့အခါ ရေစီးဖြင့်ပါလာသော သဲများ၊ ကျောက်တုံးများ၊ သစ်တုံးများ ပိတ်ဆို့သွားပါတယ်။ အရှိန်အဟုန်ဖြင့် စီးဆင်းလာတဲ့ တောင်ကျချောင်းရေဟာ ရေစီးလမ်းကြောင်း ပြောင်းပြီး အနီးအနားရှိ ဘုန်းတော်ကြီးကျောင်း၊ ရွာများ ထိုးဆင်း တိုက်စားသွားပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် မိုးရွာသွန်းမှုများတာကြောင့် တစ်ရွာလုံးရေနစ်ပြီး အနီးအနားရှိ စျေးဆိုင်များ၊ ဘုန်းကြီးကျောင်းအုတ်နံရံများ၊ နေအိမ်များကို ရေတိုက်စားသွားခဲ့ပါတယ်။ အိမ်တစ်လုံးလုံး လုံးချင်း အလိုက် ရေထဲမျောပါခဲ့ရပါတယ်။ ရွာသူ၊ ရွာသားများမှာ မိုးများလျှင် ရေဘေးအန္တရာယ်ကို အထူး စိုးရိမ်နေကြရပါတယ်။

သို့ပါ၍ မြေလင်းချောင်းကူးရေကျော်တံတားအား ကျေးရွာရေနစ်မြုပ်မှုမှ ကင်းဝေးပြီး ရေတိုက်စားခြင်းမရှိစေရန် ယခင်ကအတိုင်း ရေကျော်တံတားအဖြစ် ပြုပြင်တည်ဆောက်ပေးရန် အစီ အစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကယားပြည်နယ်၊ ဘောလခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော မိုင်းထမ်း - ဝမ်ချယ် - နန့်နောက် - ချိကွဲ့ - စောင်းလော့ - ဝမ်အောင်း လမ်းတွင် ကျန်ရှိနေသေးသော လမ်းပိုင်း ၉ မိုင် ၃.၅ ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်း က ကယားပြည်နယ်၊ ဘောလခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော မိုင်းထမ်း - ဝမ်ချယ် - နန့်နောက် - ချိကွဲ့ - စောင်းလော့ - ဝမ်အောင်း လမ်းတွင် ကျန်ရှိနေသေးသော လမ်းပိုင်း (၉) မိုင် (၃.၅) ဖာလုံအား ကျောက်ချောလမ်းအဖြစ်ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘောလခဲမြို့နယ်၊ မိုင်းထမ်း - ဝမ်ချယ် - နန့်နောက် - ချိကွဲ့ - စောင်းလော့ ကျေးရွာများနှင့် ဖားဆောင်းမြို့နယ် ဝမ်အောင်းကျေးရွာတို့ကို ဖောက်လုပ်ဆက်သွယ်ထားတဲ့ ကားလမ်း(၂၅)မိုင် (၃)ဖာလုံကို လမ်းဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လမ်းအုကြောင်း တစ်ကြောင်းထိုးကို ဖောက်လုပ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်နဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်(၂)နှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကနေပြီးတော့ လမ်းအစကနေ စောင်းလော့ကျေးရွာအထိ (၁၅)မိုင်(၇.၅)ဖာလုံကို (၁၂)ပေအကျယ် ကျောချောလမ်းအဖြစ် ခင်းပေးပြီး စောင်းလော့ကျေးရွာကနေ ဝမ်အောင်းကျေးရွာအထိ (၉)မိုင်(၃.၅)ဖာလုံ ကျန်ရှိနေပါတယ်။ အဲဒီ လမ်းအပိုင်း (၂၅)မိုင်(၃)ဖာလုံ လုံးကိုလည်း ၂၂-၃-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ကယားပြည်နယ်အစိုးရ၏ တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးအရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေ လမ်းဦးစီးဌာနကို လွှဲပြောင်းပေးပြီလို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါ ကျေးရွာ(၆)ရွာစလုံးမှာနေတဲ့လူတွေဟာဆိုလို့ရှိရင် ကယားမျိုးနွယ်တူစုတွေဖြစ်ပြီးတော့ ရိုးရာပွဲလမ်းသဘင်တွေ၊ သာရေး၊ နာရေးနဲ့ လူမှုရေးကိစ္စတွေထဲမှာ အမြဲတမ်းအပြန်အလှန် ကူးလူးဆက်ဆံ သွားလာနေကြတာဖြစ်ပါတယ်။ ယခင်က ခြေလျင်ဖြင့်သာ သွားလာကြပြီး ယခုနောက်ပိုင်း ဖောက်လုပ်စနှစ်တွေမှာသာ ဆိုင်ကယ်နဲ့ ကားငယ်လေးများ အနည်းငယ်စီသွားလာကြပါတယ်။ ယခုအခါမှာ လမ်းအချို့ နေရာများများတွေမှာ သွားလာ၍ မရနိုင်သည်အထိ မိုးရေ တိုက်စားထားသည့်အတွက် လွိုင်ကော်-မော်ချီး ကားလမ်းမှတစ်ဆင့် ကွေ့ပတ်သွားရကာ ဖားဆောင်းမြို့ရောက်လျှင် စက်လှေဖြင့် သံလွင်မြစ်အတိုင်း ထပ်မံ စီးရသောကြောင့် မိုးရာသီတွင် အသက်အန္တရာယ်စိုးရိမ်နေရပါသည်။

ထို့ကြောင့် ဒေသခံပြည်သူများ အချိန်တိုတိုနှင့် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ကျန်ရှိနေသေးသော စောင်းလော့ - ဝမ်အောင်းလမ်းပိုင်း (၉)မိုင် (၃.၅)ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် မေးမြန်းထားတဲ့ နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများဖြစ်သော လမ်း၊ တံတားများနှင့် ကျောင်း၊ ဆေးရုံ၊ ဈေး အစရှိတဲ့ အဆောက်အအုံများကို ဆောက်လုပ်ခွင့်ရရှိတဲ့ ကုမ္ပဏီများအား စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းနဲ့ သတ်မှတ် စံချိန်စံညွှန်းနဲ့ မကိုက်ညီပါက အရေးယူခြင်းများကို လုပ်ဆောင်သွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ စီမံကိန်းလုပ်ငန်းများဖြစ်တဲ့ လမ်း၊ တံတားများ၊ ကျောင်း၊ ဆေးရုံ၊ ဈေး အစရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ စည်ပင်သာယာအဖွဲ့များဟာဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၈-၁-၂၀၁၄ ခုနှစ်၊ ရက်စွဲပါစာအမှတ်၊ ၃၁/၂၅၂-ကန်ထရိုက်/အဖရ(၂၀၁၄)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းထားတဲ့ “ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်များ” အတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရာမှာ ပစ္စည်းဝယ်ယူခြင်းအတွက် တင်ဒါခေါ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူဆောင်ရွက်ခြင်းဟူ၍ (၂)မျိုး ရှိပါတယ်။ ပစ္စည်းဝယ်ယူခြင်းအတွက် တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီများအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် Performance Guarantee (၁၀) ရာခိုင်နှုန်းပေးသွင်းရမှာ ဖြစ်ပြီးတော့ သတ်မှတ်နေရာသို့

သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ပြည့်စုံစွာရောက်ရှိကြောင်း (Good Acceptance Certificate) နဲ့ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးကြောင်း (Completion Certificate) ထုတ်ပေးပြီး တစ်ပတ်အတွင်း Performance Guarantee (၁၀) ရာခိုင်နှုန်းကို ပြန်လည်ထုတ်ပေးမှာ ဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများအတွက်ကတော့ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီများအနေနဲ့ Performance Guarantee (၅) ရာခိုင်နှုန်းပေးသွင်းရမှာဖြစ်ပြီးတော့ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးတဲ့ Completion Certificate ရရှိပြီး တစ်နှစ်ပြည့်မှသာ Performance Guarantee (၅) ရာခိုင်နှုန်းကို ပြန်လည်ထုတ်ပေးမှာဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ပြီးတော့ (၂)နှစ်အတွင်း ပျက်စီးမှုရှိပါက တင်ဒါအောင်မြင်သူမှ ပြန်လည် ပြုပြင်ပေးရမှာဖြစ်ပြီးတော့ လုပ်ငန်းပြီးစီးရက် သတ်မှတ်ထားတဲ့ အချိန်ကာလ ထက်ကျော်လွန်ပါကလည်း လုပ်ငန်းအပေါ် မူတည်ပြီးတော့ ဒဏ်ကြေးပေးဆောင်ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် တည်ဆောက်ရေးလုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရန် Myanmar National Building Code ၊ A Code, D Code ၊ Analysis of Rates များကို ခေတ်စနစ်နှင့်အညီ အသစ်ပြဋ္ဌာန်းပြီး လိုက်နာဆောင်ရွက်ရန် စီစဥ်ထားရှိပြီးလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစေရန်နှင့် တည်ဆောက်ရေးပစ္စည်းများကို အရည်အသွေးပြည့်မီတဲ့ ပစ္စည်းများဖြစ်စေရန် ပြည်ထောင်စုဝန်ကြီးဌာနများသည် မိမိတို့ဌာနများ၏ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့ (Quality Control)များ၊ ဓာတ်ခွဲခန်းများနှင့် သော်လည်းကောင်း၊ ပြင်ပကျွမ်းကျင်ပညာရှင်များ ပါဝင်သော အရည်အသွေးထိန်းသိမ်းရေးအဖွဲ့ (Quality Control) များကို ငှားရမ်း၍သော်လည်းကောင်း ကြီးကြပ်စစ်ဆေး ဆောင်ရွက်လျက်ရှိပါတယ်။

အရည်အသွေးတည်ဆောက်ရေးလုပ်ငန်းများ ရရှိရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီ၊ ခရိုင်အဆင့် ကြီးကြပ်မှုကော်မတီ၊ မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းကာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်စည်ပင်သာယာရေးဌာနများအနေနဲ့လည်း တိုင်းဒေသကြီး/ပြည်နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်းများကြီးကြပ်ရေးကော်မတီ၊ ခရိုင်အဆင့် ဖွဲ့စည်းထားတဲ့ တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၊ မြို့နယ်အလိုက်ဖွဲ့စည်းထားသော တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ စသည်ဖြင့် လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအချိန်မှာ တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေတဲ့အတွက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရာမှာ လျင်မြန်အားကောင်းစေရန်၊ မူလထုတ်ပြန်ပြီးဖြစ်တဲ့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်ဆောင်ပုဒ်ကို ကျွမ်းကျင်ပညာရှင်များရဲ့ အကြံပေးချက်အရ ပြန်လည်၊ ပြင်ဆင်၊ ဖြည့်စွက်ပြီးတော့ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၆-၉-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ဦးစီးအဖွဲ့အားလုံး လိုက်နာရန် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်များ အတိုင်း ဆောင်ရွက်ရန် မူဘောင်သတ်မှတ်ချထားပေးပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ လုပ်ငန်း ဆောင်ရွက်သူ ကုမ္ပဏီများအနေနဲ့ သတ်မှတ် စံချိန်စံညွှန်းပြည့်ညီမှု မရှိခြင်းကြောင့် ပျက်စီးခြင်းများ ဖြစ်ပေါ်လာပါက ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့တို့ ဖွဲ့စည်းထားသော သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီများမှ စာချုပ်ပါ စည်းမျဉ်းစည်းကမ်း အတိုင်း အရေးယူဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း မှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်အတွင်းရှိ မြေလင်းချောင်းကူး ရေကျော် ကွန်ကရစ်တံတားအား ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး ဆင်ကုန်း - ဝန်းသို- ပင်လည်ဘူးလမ်း၊ မိုင်တိုင် ၄၂/၀-၄၂/၁ ကြားမှာရှိတဲ့ ရေကျော်အမှတ် (၁/၄၃) (မြေလင်းရေကျော်) ဟာဆိုရင် (၂၇၅)ပေ ရှည်ပြီးတော့ ၉-၆-၂၀၁၆ ရက်နေ့မှာ မိုးရေချိန် (၇)လက်မခန့် မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေလွှန်ကဲစွာ စီးဆင်းမှုကြောင့် ရေလမ်းကြောင်းများပြောင်းလဲမှု ဖြစ်ပေါ်တဲ့ အတွက် ရေကျော် အတက်၊ အဆင်း နှစ်ဖက်အား ရေတိုက်စားပျက်စီးမှု ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် မြေလင်းရေကျော်ရဲ့ အထက်ဖက် ပေ(၅၀၀)ခန့်အကွာမှာ ယခင်တည်ဆောက်ခဲ့သော သစ်သား တံတားမှာ ပြိုလဲပြီးတော့ တမံတုတ်ပိတ်သကဲ့သို့ ဖြစ်ခြင်း၊ မိုးမရွာမီက ရွာထဲသို့ ရေသွယ်ယူထားသော တူးမြောင်းတံတားများအားလည်း အချိန်မီ ပိတ်ဆို့နိုင်မှု မရှိခြင်းတို့ကြောင့် ရွာအတွင်း ရေဝင်ခြင်း၊ မြေလင်းချောင်းကူး ရေကျော်အထက် (၆)ပေ (၆)လက်မခန့် ရေမြင့်တက်ခဲ့မှု ရေလမ်းကြောင်း ပြောင်းလဲမှုများ ဖြစ်ပေါ်ရခြင်း ဖြစ်ခဲ့ပါတယ်။

ရေကျော် အတက်၊ အဆင်း ရေတိုက်စားပျက်စီးမှုအား ယာယီ အစီအစဉ်အနေနဲ့ ရေကျော် အတက်၊ အဆင်း နှစ်ဖက်မှာ ကျောက်ရောမြေ ဖို့ပေးခြင်း၊ ချောင်းရေလမ်းကြောင်းအား ရေကျော်ရဲ့ အထက်၊ အောက် ပေ(၅၀၀)ခန့်၌ စက်ယန္တရားများဖြင့် ရေလမ်းကြောင်းရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။ မြေလင်းရေကျော်ရဲ့ ချဉ်းကပ်လမ်းထိပ်များကို ရေတိုက်စားခြင်း မှ ကာကွယ်ရန်အတွက် ရေကျော်တည်ရှိရာ ဒေသနဲ့ လိုက်လျော်ညီထွေဖြစ်စေသော ပုံစံကို လူထု ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းစေပြီးတော့ တိုင်းဒေသကြီး ရန်ပုံငွေ ကျပ်(၁၉.၀၇၅)သန်းဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်းမှ မေးမြန်းထားတဲ့ ကယားပြည်နယ်၊ ဘောလခဲမြို့နယ်နှင့်

ဖားဆောင်းမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ မိုင်းထမ်း - ဝမ်ချယ် - နန့်နောက် - ချိုကွဲ့ - စောင်းလော့ - ဝမ်အောင်း လမ်းတွင် ကျန်ရှိနေသေးသော လမ်းပိုင်း (၉)မိုင် (၃.၅)ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီး တော့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်အတွင်းမှာရှိတဲ့ မိုင်းထမ်း - ဝမ်ချယ် - နန့်နောက် - ချိုကွဲ့ - စောင်းလော့ - ဝမ်အောင်း လမ်းဟာဆိုရင် ကယားပြည်နယ်အစိုးရအဖွဲ့ ကနေပြီးတော့ စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပြီးတော့ မိုင်းထမ်းမိုင်တိုင် ၀/၀ ကနေပြီးတော့ ဝမ်အောင်း ၂၅/၃ အထိ (၂၅)မိုင် (၃)ဖာလုံ ရှည်လျားပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်နယ်ရန်ပုံငွေ ကျပ်(၁၅၀)သန်းဖြင့် (၁၈)ပေအကျယ် တစ်ကြောင်းထိုးလမ်း ဖောက်လုပ်ပေးခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကနေပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေ ကျပ် (၁၁၅၀.၀၈) သန်းနဲ့ မိုင်တိုင် ၀/၀ ကနေပြီးတော့ မိုင်တိုင် ၁၅/ ၇.၅ ဖာလုံအတွင်း ကျောက်လမ်းခင်းခြင်း၊ သစ်သား တံတားတည်ဆောက်ခြင်း၊ ရေကျော်တည်ဆောက်ခြင်းနဲ့ Box Culvert တည်ဆောက်ခြင်း လုပ်ငန်း များကို ဆောင်ရွက်ခဲ့ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ၂၄-၃-၂၀၁၆ ရက်နေ့တွင် လုပ်ငန်း လွှဲပြောင်းပေးအပ်လိုကြောင်း အကြောင်းကြားခဲ့တဲ့အတွက် လွှဲပြောင်းလက်ခံရန် ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေကတော့ မိုင်းထမ်း မိုင်တိုင် ၀/၀ ကနေပြီးတော့ စောင်းလော့ရွာ အကျော် ၁၅/၇.၅ ဖာလုံအထိ (၁၅) မိုင် (၇.၅) ဖာလုံဟာဆိုရင် ကျောက်လမ်းခင်းဖြစ်ပြီးတော့ စောင်းလော့ရွာအကျော် (၁၅/၇.၅)ဖာလုံကနေပြီးတော့ ဝမ်အောင်း (၂၅/၃)အထိ (၉)မိုင် (၃.၅)ဖာလုံ ဟာတော့ဖြင့် တစ်ကြောင်းထိုးလမ်း မြေလမ်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စောင်းလော့ရွာအကျော် (၁၅/၇.၅)ဖာလုံကနေပြီးတော့ ဝမ်အောင်း (၂၅/၃)အထိ (၉)မိုင် (၃.၅)ဖာလုံ အပိုင်းဟာမှာဆိုလို့ရှိရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်နယ် ရန်ပုံငွေမရရှိ၍ လုပ်ငန်းဆောင်ရွက်ခြင်းမရှိတဲ့အတွက် ရေရှည်ကောင်းမွန်သော လမ်းတစ်လမ်းဖြစ်ဖို့ အတွက် ကျန်ရှိတဲ့ တစ်ကြောင်းထိုး မြေလမ်းအပိုင်း (၉)မိုင် (၃.၅)ဖာလုံကို မြေသားလုပ်ငန်း လမ်းတာဘောင် အကျယ် (၃၀)ပေ ချဲ့ခြင်း၊ ပေ(၅၀)အောက် သံကူကွန်ကရစ်တံတား တည်ဆောက် ခြင်း (၅)စင်း၊ ကျောက်စီကမ်းကပ်ခုံနှင့် သစ်သားကြမ်းခင်းတံတား တည်ဆောက်ခြင်း (၁၁) စင်း၊ ရေကျော်တည်ဆောက်ခြင်း(၆)စင်း၊ Box Culvert တည်ဆောက်ခြင်း(၁၀)စင်း စတဲ့ ရေထွက်ပေါက် လုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေ တင်ပြ တောင်းခံသွားမှာ ဖြစ်ပြီးတော့ ရန်ပုံငွေ ရရှိတဲ့အပေါ်မူတည်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကျမှသာ (၉)မိုင် (၃.၅)ဖာလုံကို ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ရန် ပြည်နယ်ရန်ပုံငွေ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါ တယ်ခင်ဗျား။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး တင်သွင်းသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၉။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ လွတ်လပ်လုံခြုံတဲ့ဘဝများ ရရှိကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့ လွှတ်တော် အတည်ပြုချက်များအပေါ်မှာ အကြံပြု ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစာအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာ ပထမဥပဒေရဲ့ သဘောကို နိဒါန်းမျှဆွေးနွေး ပါမယ်။ ဥပဒေဆိုတာ တရားမျှတ တန်းတူအခွင့်အရေး၊ ညီမျှခြင်းဆိုသော လောကပါလတရားနှင့် ကိုက်ညီအောင် အဆင့်အတန်း ညီမျှရေး၊ အခွင့်အလမ်းညီမျှရေးနဲ့ တရားဥပဒေရှေ့မှောက်တွင် ညီမျှရေးဆိုတဲ့ မွန်မြတ်ရှင်းလင်းတဲ့ အခြေခံသဘောတရားများနဲ့ ပြည့်စုံရပါမယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါဟာ ဘာကိုရည်ရွယ်သလဲဆိုရင် ပြည်သူ့တစ်ရပ်လုံးအတွက် လွတ်လပ်ခြင်း၊ လုံခြုံခြင်းနဲ့ တရားမျှတခြင်း၊ အေးချမ်းခြင်းဘဝများနဲ့ ရှင်သန်နေဖို့ပါပဲ။ ဒီသဘောတရားများ အပေါ်မှာ အခြေခံထားတဲ့ ဥပဒေများကို ဖြစ်ဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီဥပဒေတွေဟာ ပြည်သူများနဲ့ ဒါရိုက်ပတ်သက်နေလို့ပါပဲ။ ပြည်သူ့ကိုယ်စားပြု ဥပဒေ၊ ပြည်သူ့ဘဝဥပဒေ၊ ပြည်သူ့ ဆန္ဒဥပဒေဖြစ်လို့ ကျွန်တော်တို့တစ်တွေဟာ ဥပဒေပြု တာဝန်ရှိကြတဲ့ ပြည်သူ့ကိုယ်စားလှယ်များဟာ အထူးဂရုပြုပြီးတော့ စဥ်းစား၊ ဝေဖန်၊ ပြင်ဆင်ပေးကြဖို့ အထူးလိုအပ်ပါကြောင်း ဂါရဝရှေ့ထားပြီး တင်ပြအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ လွှတ်တော်နှစ်ရပ် အတည်ပြု ထားတဲ့ ဥပဒေအပိုဒ်များအပေါ်မှာ အကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်။ ပုဒ်မ ၅(ဂ)မှာ သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်းဆိုလို့ မူလဥပဒေပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု ထားပါတယ်။ ပယ်ဖျက်ထားပါတယ်။ ပြည်သူ့လွှတ်တော်က မူလဥပဒေအတိုင်း ပြန်လည်ပြီးတော့

ထည့်သွင်းထားပါတယ်။ ပညာရေးနဲ့ ပတ်သက်ပြီး ကန့်သတ်စရာမလိုပါဘူး။ ရာထူးဝန်စာမေးပွဲ ဖြေတာမဟုတ်ပါဘူး။ ရပ်ကွက်စိတ်တိုင်းကျ၊ ကျေးရွာစိတ်တိုင်းကျ ရွေးချယ်တဲ့ ဥပဒေဖြစ်ပါတယ်။ တစ်နိုင်ငံလုံး တိုင်းရင်းသားဒေသများပါမကျန်၊ စာမတတ်၊ ပေမတတ်တဲ့ ဒေသများပါမကျန်၊ လွတ်လပ် လုံခြုံစီမံနိုင်တဲ့ အခြေအနေတွေ ဥပဒေက ဘောင်ခတ်မထားဘဲ လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးသင့် ပါတယ်။ ဒါကြောင့် ဒီအပိုဒ်ကို အမျိုးသားလွှတ်တော်အတိုင်း အတည်ပြုသင့်ပါကြောင်း ဦးစွာ အကြံပြု ဆွေးနွေးပါမယ်။ ပုဒ်မ၅(င)မှာ မူလအတိုင်း အဆိုပြုချက်ဖြစ်တဲ့ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး(၅)နှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန် ထမ်းဆောင်ချိန်အတွင်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းဟာ အမှန်တကယ်နေထိုင်သူ ဖြစ်ခြင်း ဆိုတဲ့ ပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က အဲဒါကို ဆက်လက်ပြီးတော့ အတည်ပြုပြီးတော့ လက်ခံအတည်ပြုပြီးတဲ့အခါမှာ ခြွင်းချက်အားဖြင့် အစားထိုး ထားပါတယ်။

ဘာခြွင်းချက်လဲဆိုရင် ဒေသခံ အငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကို လျှော့ပေါ့စဥ်းစားနိုင်သည်လို့ ထည့်သွင်း ထားပါတယ်။ ဒီနေရာမှာ နေထိုင်သည့် ကာလကို လျှော့ပေါ့စဥ်းစားနိုင်သည်ဆိုတဲ့ အချက်ပါပဲ။ အပြုသဘောအရ မျက်နှာလိုက်စရာ၊ ဘက်လိုက်စရာ ဖြစ်နေပါတယ်။ ဒီလိုရှုပ်ထွေးတဲ့ စကားရပ်တွေ၊ ဒေသခံ အငြိမ်းစားဝန်ထမ်းလည်း ဒေသခံပြည်သူပါပဲ။ အတူတူပါပဲ။ ခွဲခြားပြဋ္ဌာန်းစရာ မလိုပါဘူး။ ရပ်ကွက်အတွင်း၊ ကျေးရွာအတွင်း၊ အခြားပြည်သူများနဲ့ အပြိုင်အရွေးချယ်နိုင်ပါတယ်။ ဒါကြောင့် ပြည်သူများ အမြင်ရှင်းဖို့ ဒေသခံပြည်သူများနဲ့ ကွဲပြားတဲ့ ဒေသခံအငြိမ်းစားဝန်ထမ်းဆိုပြီး သီးခြား မထည့်သွင်းသင့်ပါဘူး။ အဲဒီ တစ်ပိုဒ်လုံးကို ဖြုတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဤဥပဒေ ပုဒ်မ ၇(က) မှာ ကြီးကြပ်ရေးအဖွဲ့သည် တစ်ဆက်တစ်စပ်တည်း အစဥ်လိုက်ဖွဲ့သော ဆယ်အိမ်စု အစုများနှင့် ရာအိမ်စု အစုများကို ဖွဲ့စည်းရမည်လို့ အမျိုးသား လွှတ်တော်က အတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းရမည်ဆိုတဲ့ နေရာကို စုစည်းရ မည်လို့ ပြင်ဆင်အတည်ပြုထားပါတယ်။ ကွဲလွဲချက်က အဖွဲ့စည်းနဲ့ စုစည်းပါပဲ။ မြန်မာအဘိဓာန်မှာ စုစည်းရဲ့ အဓိပ္ပာယ်ကို အများအပြားပေါင်းစုံစေသည်။ စုဝေးစေသည်လို့ အဓိပ္ပာယ် ရှင်းထားပါတယ်။ အဖွဲ့အစည်းရဲ့ အဓိပ္ပာယ်ကိုတော့ အသင်းအဖွဲ့ တည်ထောင်သည်လို့ အဓိပ္ပာယ်ဖော်ပြထားပါတယ်။ ဒါဆိုရင် ဒီဥပဒေဟာ အုပ်ချုပ်ရေးဥပဒေဖြစ်သည့်အတွက် အုပ်ချုပ်ရေးမှူးရွေးတဲ့ပွဲမှာ မရွေးခင် ဆယ်အိမ်စု၊ ရာအိမ်စုများကို ရွေးချယ်၊ စုစည်းပြီးမှ အုပ်ချုပ်ရေးမှူးအပါအဝင် ရွေးချယ်စုစည်းထားတဲ့ ဆယ်အိမ်စု၊ ရာအိမ်စုများပါဝင်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများပါဝင်တဲ့ အဖွဲ့ကို ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မဖွဲ့စည်းခင်မှာ စုစည်းတယ်ဆိုတဲ့ စကားရပ်ဟာ ဒီဥပဒေနဲ့ သင့်လျော်တယ်လို့ ကျွန်တော် မြင်မိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေရဲ့ ပုဒ်မ ၇(ဂ)မှာ ပုဒ်မ ၅ မှာ သတ်မှတ် အရည်အချင်းများနဲ့ ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးအား အများပြည်သူ ဆန္ဒနဲ့အညီရွေးချယ်သည့် ရွေးချယ်ခံရသည့်အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်တို့ကို တင်ပြစေရမည်လို့ အမျိုးသား လွှတ်တော်က အတည်ပြုထားပါတယ်။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်က အဲဒီအပိုဒ်ကို ဖြုတ်ထားပါတယ်။

ဥပဒေရဲ့သဘောဟာ အကြောင်းအရာအရရော၊ အဓိပ္ပာယ်အရရော ပြည့်စုံရမှာမို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူပါကြောင်း၊ အတည်ပြု ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေရဲ့ ပုဒ်မ ၁၃(ဃ) မှာ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန်လိုအပ်သောနေရာများကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် စစ်ဆေးခြင်းလို့ အမျိုးသားလွှတ်တော်က အတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော်က အဲဒီအတိုင်းပဲ စကားရပ်များ ပြည့်စုံအောင်ဖြည့်စွက်ထားလို့ ဥပဒေရဲ့ လုံလောက်မှုကို လက်ခံပါတယ်။ ဒါပေမဲ့ လွှတ်တော်နှစ်ရပ်က သဘောတူခဲ့တဲ့ တူထားခဲ့တဲ့ စည်းကမ်းထိန်းသိမ်းရေးဆိုတဲ့ စကားရပ်က ဒီဥပဒေနဲ့ဆိုရင် စကားရပ် လွဲချော်နေပါတယ်။ စည်းကမ်းထိန်းသိမ်းတဲ့ဥပဒေ မဟုတ်ပါဘူး။ အုပ်ချုပ်စီမံတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ စကားရပ်အစား ပြည်သူများ ဘဝလုံခြုံအေးချမ်းရေးလို့ပဲ ဖြစ်ဖြစ်၊ ဒီဥပဒေရဲ့ ရည်ရွယ်ချက်နှင့် ကိုက်ညီတဲ့ စကားရပ်ကိုပဲဖြစ်ဖြစ် ပြင်ဆင်ထည့်သွင်းသင့်ပါကြောင်း အကြံပြု ဆွေးနွေးအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေရဲ့ ပုဒ်မ ၁၆ (ဂ)မှာ အမျိုးသားလွှတ်တော်က တာဝန်ယူထားတဲ့ အုပ်ချုပ်ရေးမှူးသည် အကြောင်းအမျိုးမျိုးကြောင့် တာဝန်လစ်လပ်သွားလျှင် မြို့နယ် အုပ်ချုပ်ရေးမှူးက ပုဒ်မ ၇၊ ပုဒ်မခွဲ(ဆ)အရ ဆန္ဒမဲ ဒုတိယအများဆုံးရသူက ရာအိမ်မှူးက ယာယီတာဝန်ပေးအပ်ရမယ်လို့ အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က အဲဒီ ပြည့်စုံတဲ့စကားရပ်များ ဖြည့်စွက်ထားတာကိုတော့ သဘောတူပါတယ်။ ဒါပေမဲ့ လစ်လပ်သွားတဲ့ အုပ်ချုပ်ရေးမှူးနေရာကို မြို့နယ်အုပ်ချုပ်ရေးမှူးက သင့်လျော်တဲ့ ကျေးရွာတာဝန်ထမ်း သို့မဟုတ် ရာအိမ်မှူး တစ်ဦးဦးက ယာယီတာဝန်ပေးအပ်ရမယ်လို့ ပြင်ဆင်အတည်ပြုထားတာကို ဘယ်လိုမှ လက်မခံနိုင်ပါဘူး။ ဘာလို့လဲဆိုရင် ခေတ်အဆက်ဆက်က ပြည်သူ့ဆန္ဒနဲ့ ဆန့်ကျင်တာတွေများနေလို့ သတိချပ်ရပါမယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ အစီအမံကို လက်ခံလို့မရပါဘူး။ ဒီဥပဒေအရ လုပ်ပိုင်ခွင့်မပေးနိုင်ပါဘူး။ အဲဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကိုပဲ ပြဋ္ဌာန်းသင့်ကြောင်း အကြံပြုအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေရဲ့ ပုဒ်မ ၁၇ မှာ အမျိုးသားလွှတ်တော်က ဧည့်စာရင်းတိုင်ကြားတဲ့ကိစ္စကို လုံးဝဥဿုံညီညွတ်စွာ ပယ်ဖျက် အတည်ပြုခဲ့ပါတယ်။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်က အဲဒါကို သဘောတူ လက်ခံခဲ့ပေမယ့် အစားထိုးပြဋ္ဌာန်းခဲ့ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်လထက်ကျော်လွန်၍ လာရောက်တည်းခို နေထိုင်သောသူများရှိပါက လူမှုအထောက်အကူပြုနိုင်ရန်အတွက် သတ်မှတ်နည်းလမ်းများနှင့်အညီ အသိပေး အကြောင်းကြားရမည်လို့ ဖြစ်ပါတယ်။ ဒီအပိုဒ်မှာ ဥပဒေနဲ့ မဆီမဆိုင် စကားရပ်ဖြစ်တဲ့ လူမှုအထောက်အကူပြုနိုင်ရန်အတွက်လို့ ထည့်သွင်းထားပါတယ်။ ဒါဟာ မသင့်လျော်တဲ့ကိစ္စ ဖြစ်ပါတယ်။ အခုအချိန်မှာ ပြည်သူများအတွက် မလိုလားအပ်လို့ ဒီအပိုဒ်တစ်ခုလုံးကို ထည့်သွင်းရန်သင့်ကြောင်းနဲ့ ဘယ်အခါမှ ဧည့်စာရင်းတိုင်ရန်မလိုအပ်ကြောင်း တင်ပြလိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီဥပဒေရဲ့ ပုဒ်မ ၁၃(ဃ)မှာ ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ စစ်ဆေးရန်လိုအပ်သော နေရာများကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် စစ်ဆေးခြင်းလို့ ပါပြီးဖြစ်လို့ပါပဲ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေပုဒ်မ ၃၄(က)မှာ ကျေးရွာတာဝန်ခံ ရာအိမ်မှူးများရဲ့ တာဝန်အပြင် လုံခြုံရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် တာဝန်ရှိသည် ဆိုတာကို အမျိုးသားလွှတ်တော်က အတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော်က သဘောမတူဘဲ ပယ်ဖျက်ထားပါတယ်။ အုပ်ချုပ်သူပုဂ္ဂိုလ်မှာ လုပ်ဆောင်ရမယ့်တာဝန်ဆိုတာရှိသလို လူ့ဝန်းကျင် အတွက် မလွဲမသွေ ထမ်းဆောင်ရမယ့် ဝတ္တရားများလည်း ရှိပါတယ်။ ဒါကြောင့် အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုချက်ကို လက်ခံရပါမယ်။ သို့သော် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်မှာ တောင်မှ တာဝန်ပိုင်းကို တိတိကျကျ မပါ ပါဘူး။ တိကျသေချာအောင် ထည့်သွင်း ပြဋ္ဌာန်းသင့်ပါ ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီရဲ့ ၂၀၁၅ ရွေးကောက်ပွဲကြေညာစာတမ်းမှာ မူ(၄)ချက် ဖော်ပြထားပါတယ်။ ပြည်သူ့လူထုအား တရားမျှတစွာ ကာကွယ်ပေးသည့် အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ပေါက်ရန်၊ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်သူလူထုအကျိုးကို ရှေးရှုသည့်ဥပဒေများကို လိုအပ်သကဲ့သို့ ပြင်ဆင်ပြဋ္ဌာန်းနိုင်ဖို့ ထင်ထင်ရှားရှား ကြေညာခဲ့ပါတယ်။ အဲဒီ ကြေညာထားတဲ့အတိုင်း ကျွန်တော်တို့ ဥပဒေပြုလွှတ်တော်ကြီးက ပြည်သူတစ်ရပ်လုံးအတွက် သစ္စာရှိရှိ၊ တာဝန်သိသိနဲ့ တာဝန်ကျေကြ ပါစို့လို့ ပြောကြားရင်း အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကင်းရှိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အခမ်းနားမှူးနဲ့တကွ ကြွရောက်လာတဲ့ ဧည့်သည်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးကင်းရှိန် ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးဖို့ (၃)ချက်ပဲ ရှိပါတယ်ခင်ဗျား။ ပထမအချက်အနေနဲ့ ပုဒ်မ ၈၊ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ပုဒ်မ ၈(ခ) မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့၏သဘောတူညီချက်ဖြင့် ဆယ်အိမ်စုအလိုက် ဆယ်အိမ်မှူးများကိုလည်းကောင်း၊ ရာအိမ်စုအလိုက် ရာအိမ်မှူးများကိုလည်းကောင်း၊ ကျေးရွာအလိုက် ကျေးရွာတာဝန်ခံများကိုလည်းကောင်း ရွေးချယ်တာဝန်ပေး ခန့်အပ်ရမည်။ အဲဒီမှာ ရွေးချယ်တာဝန်ပေး ခန့်အပ်ရမည်ဆိုတာ အဲဒီ ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးနှင့် ကျေးရွာတာဝန်ခံ တွေကို ပုဒ်မ ၇ နှင့် ပုဒ်မခွဲ(ခ)မှာ ဆယ်အိမ်မှူးတွေ ရွေးပြီးဖြစ်ပါတယ်ခင်ဗျား။ ပုဒ်မ ၇ နဲ့ ပုဒ်မခွဲ (ဂ)မှာ ရာအိမ်မှူးတွေ ရွေးပြီးဖြစ်ပါတယ်။ ပုဒ်မ ၇ နဲ့ ပုဒ်မ(ဆ)မှာ ကျေးရွာတာဝန်ခံတွေ ရွေးပြီး ဖြစ်ပါတယ်။

အခုတစ်ခါ အဲဒီ ပုဒ်မမှာ အုပ်ချုပ်ရေးမှူးကနေ ရွေးချယ်ပြီးတော့ တစ်ခါ တာဝန်ပေးမယ် ဆိုရင် အဲဒါ ပြဿနာတွေဖြစ်မယ် ကျွန်တော် ထင်တယ်ခင်ဗျား။ ပထမရွေးပြီးပြီ နောက်တစ်ခါ ပြန်ရွေးမယ်ဆိုရင် အဲဒါကြောင့် ပြည်သူ့လွှတ်တော်က အတည်ပြုခြင်းကို မယူဘဲ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုခြင်းဖြစ်တဲ့ ပုဒ်မ ၈၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေး အဖွဲ့က ပုဒ်မ ၇၊ ပုဒ်မခွဲ (ည) အရ တင်ပြလာသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအားစိစစ်ပြီး ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေး ရမည်ဆိုတဲ့ အမျိုးသားလွှတ်တော်ရဲ့ တင်ပြခြင်းကို ကျွန်တော် ထောက်ခံအပ်ပါတယ်ခင်ဗျား။

နောက်တစ်ချက် စောစောတုန်းက ဦးလှဦး တင်ပြသွားတာလည်း ပါ ပါတယ်ခင်ဗျား။ အဲဒါလည်း။ ပုဒ်မ ၁၅၊ ပုဒ်မ ၆၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်လို့ ပြည်သူ့လွှတ်တော်က အတည်ပြုချက်ပေးထားပါတယ်။ (ဂ) တာဝန်မှ ယာယီရပ်ဆိုင်းခံရသည့်ကာလ တွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်း၊ ကွယ်လွန်ခြင်း သို့မဟုတ် အခြား အကြောင်းကြောင်းကြောင့် လစ်လပ်သည့်ကာလတွင်ဖြစ်စေ၊ ယာယီခံစားခွင့်ပြုသည့်ကာလတွင် ဖြစ်စေ၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ၏တာဝန်ကို ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးသည် သင့်လျော်သည့် ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူးတစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်ဆိုပြီး မြို့နယ်အုပ်ချုပ်ရေးမှူးကို ကျွန်တော်တို့ ကြီးကြပ်ရေးအဖွဲ့တောင် ရွေးချယ်ခွင့်မပေးတော့ဘူးခင်ဗျား။ အရင်ကဆိုရင် မြို့နယ်အုပ်ချုပ်ရေးမှူးကနေပြီး ကြီးကြပ်ရေး အဖွဲ့ကို ရွေးချယ်ရတယ်။ အခု ဒီဥပဒေ အရှေ့ပိုင်းမှာဆိုရင် မြို့နယ်အုပ်ချုပ်ရေးမှူးကို ကျေးရွာ ကြီးကြပ်ရေးအဖွဲ့တောင် ရွေးချယ်ခွင့် မပေးတော့ဘူးခင်ဗျား။

အဲဒါကြောင့် အဲဒါကို ကျွန်တော် လက်မခံဘဲနဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုထားတဲ့ တာဝန်မှယာယီရပ်ဆိုင်းခံရသည့် ကာလအတွင်းဖြစ်စေ၊ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်းကြောင့် လစ်လပ်နေသည့် ကာလတွင်ဖြစ်စေ၊ ယာယီခံစားခွင့်ပြုသည့် ကာလတွင် ဖြစ်စေ၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ တာဝန်ကို ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) အရ ဆန္ဒမဲ ဒုတိယအများဆုံးရရှိသည့် ရာအိမ်မှူး တစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်ဆိုတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုခြင်းကို ကျွန်တော် ထောက်ခံပါတယ်ခင်ဗျား။

နောက်တစ်ချက်က အဲဒီလို ပုဒ်မ ၁၆ (ဂ)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး လစ်လပ်သွားခဲ့လျှင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ အစားထိုးတာဝန်ပေးအပ်ရန် ပြဋ္ဌာန်းထားပါသော်လည်း ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံများ လစ်လပ်သွားပါက ပြန်လည်အစားထိုးခန့်အပ်ရန် ပြဋ္ဌာန်းထားခြင်း အဲဒီဥပဒေမှာ မရှိပါခင်ဗျား။ ဒါ့ကြောင့် ပုဒ်မခွဲ (ဂ) အဖြစ် ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ကျေးရွာတာဝန်ခံများလစ်လပ်ပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ပြန်လည်အစားထိုး တာဝန်ပေးနိုင်စေရေးအတွက် ဥပဒေကြမ်းကော်မတီမှာဖြစ်စေ၊ ပူးပေါင်းကော်မတီမှာဖြစ်စေ၊ ပုဒ်မတစ်ခု ထပ်မံတိုးထည့်ပြီးတော့ ပြဋ္ဌာန်းပေးပါလို့ တင်ပြရင်း ကျွန်တော် တင်ပြချက် နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်မိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ပတ်သက်၍ အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၏ ဆွေးနွေးအတည်ပြုချက်များနဲ့ သဘောထားကွဲလွဲချက်များ အပေါ်မှာ အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေဟာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁/၂၀၁၂) နဲ့ ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပါတယ်။ ၎င်းဥပဒေမှာ အခန်း(၁၅)ခန်း၊ ပုဒ်မ (၃၇)ခု၊ ပုဒ်မခွဲ (၁၁၂) ခုနဲ့ ပါဝင်ပြဋ္ဌာန်းခဲ့ပြီး ပုဒ်မ ၉ နှင့် ပုဒ်မ ၂၇ တို့ကို ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်တို့မှာ ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း လေ့လာတွေ့ ရှိရပါတယ်။ အဆိုပါ ဥပဒေကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့မှာ ၆-၅-၂၀၁၆ ရက်နေ့တွင် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း များဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ တတိယအကြိမ် ပြင်ဆင်ရန် အဆိုပြု တင်ပြခဲ့ပြီး ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပယ်ဖျက်ခြင်းမပြုရန် ဆွေးနွေးချက်များအား မဲခွဲဆုံးဖြတ်ခြင်းဖြင့် ပယ်ဖျက်၍ အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်မှာလည်း လုံခြုံရေးဆိုင်ရာပုဒ်မရပ်များ ပယ်ဖျက်ခဲ့ပြီး မဲခွဲဆုံးဖြတ်ခြင်းဖြင့် အတည်ပြုပေးပို့ခဲ့ရာ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲချက် (၁၆)ချက် ဖြစ်ပေါ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲချက်များ ပုဒ်မအချို့နှင့်ပတ်သက်၍ အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point တင်ပြအသုံးစွဲခွင့် ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပြန်လည်ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အမျိုးသားလွှတ်တော်၏အတည်ပြုချက် ပုဒ်မ ၅၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၇ နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို အတည်ပြုသင့်ပါကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်ခင်ဗျား။ (၇) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေတွင် (က) ပုဒ်မ ၅၊ ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း အစားထိုးရမည်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း တစ်ဆက်တည်း အနည်းဆုံး(၅)နှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး၊ လက်ရှိ တာဝန်ထမ်းဆောင် ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ် နေထိုင်မည့်သူဖြစ်ခြင်း၊

ခြွင်းချက် ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကို လျှော့ပေါ့ စဥ်းစားနိုင်သည်ဆိုပြီးတော့ ထည့်သွင်းထားခြင်းဟာ အတွေ့အကြုံရှိပြီး ရပ်ကွက်အကျိုးကို ဆောင်ရွက်လိုတဲ့ ဆောင်ရွက်နိုင်တဲ့ ဒေသခံအငြိမ်းစားဝန်ထမ်းကို အခွင့်အလမ်းရရှိစေမှာ ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းမှာ မိမိရပ်ရွာကောင်းကျိုးအတွက် ပိုမိုဆောင်ရွက်နိုင်မည့်သူများ ရရှိနိုင်မှာဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။ လျှော့ပေါ့စဥ်းစားနိုင်သည် ဆိုတာကိုတော့ ပြည်သူများကရွေးချယ်တဲ့အပေါ်မှာ မူတည်ပြီးဆုံးဖြတ်ရမှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို အတည်ပြုသင့်ပါကြောင်း ဆွေးနွေးလိုပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေဟာ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၁၃၊ (ဃ)၊ ပုဒ်မခွဲ(ဎ)၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၁၃(ဃ)၊ ပုဒ်မခွဲ (ဎ)နဲ့ ပတ်သက်၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းအတည်ပြုသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ ၁၃ (ဃ)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဎ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ (ဎ) တရားဥပဒေစိုးမိုးရေး၊ အမှုခင်းကျဆင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန်လိုအပ်သော နေအိမ်ဥပစာနှင့် နေရာများကို လုံလောက်သော အကြောင်းပြချက်ဖြင့်၊ အဖွဲ့ဖြင့် စနစ်တကျ ဝင်ရောက်စစ်ဆေးခြင်းဆိုတဲ့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သည် ပိုမိုတိကျပြည့်စုံသော ဖော်ပြပါရှိချက်များဖြစ်တဲ့အတွက် ထောက်ခံတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၁၆၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၁၇ နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို ပြင်ဆင်၍ အတည်ပြုသင့်ပါကြောင်း ဆွေးနွေးလိုပါတယ်။ ၁၇ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်။ ၁၇ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လာရောက်တည်းခိုနေထိုင်သူများရှိပါက လူမှုအထောက်အကူပြုနိုင်ရန်အတွက် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အသိပေးအကြောင်းကြားရမည်ဟု ပြင်ဆင် အတည်ပြုသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ဖြစ်သော တစ်လနှင့်အထက်ကျော်လွန်၍ဆိုသည့် အချိန်ကန့်သတ်ချက်သည် လုံခြုံရေးအတွက် များစွာ အန္တရာယ်ကြီးမားပါတယ်။ ဒါကြောင့် ထည့်သွင်းခြင်းမပြုဘဲ ရပ်ကွက်လုံခြုံရေးအတွက် များစွာ အထောက်အကူဖြစ်စေနိုင်မည့်အချက်များကို ပြင်ဆင် အတည်ပြုခြင်း ဖြစ်ပါတယ်။

ယခုအခါမှာ နိုင်ငံတော်အတွင်း လက်နက်ကိုင်အဖွဲ့အစည်းများ၊ မူးယစ်ဆေးဝါးပြဿနာများနဲ့ နိုင်ငံတကာမှာ ခြိမ်းခြောက်လျက်ရှိတဲ့ IS ကဲ့သို့သော အကြမ်းဖက်အဖွဲ့အစည်းများ၊ လူကုန်ကူးမှုပြဿနာများနဲ့ လှေစီးဒုက္ခသည်များရဲ့အရေးကို ကြိုတင်မျှော်တွေးပြီး လုံခြုံရေးရှုထောင့်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လာရောက်တည်းခို နေထိုင်သူများဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အသိပေးရန် လိုအပ်တဲ့အတွက် ထောက်ခံတင်ပြရခြင်း ဖြစ်ပါတယ်။ ကိုယ်စားလှယ် တော်ကြီးများ အနေဖြင့်လည်း မိမိတို့၏ အိမ်တစ်အိမ် မိသားစုတစ်ခုမှာ အခြားတစိမ်းဧည့်သည် လာရောက်တည်းခိုပါက အိမ်ထောင်ဦးစီးဆိုတဲ့လူဟာ သိရှိဖို့လိုအပ်သလိုပဲ ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာ

အုပ်စုတစ်ခုမှာလည်း ရပ်ရွာရဲ့ လူစိမ်းဧည့်အဝင်/အထွက်များကို ရပ်ကွက်အုပ်ချုပ် ရေးမှူးက သိရှိဖို့ လိုအပ်ပါတယ်။ အဲဒီဟာကြောင့် အသိပေးရခြင်းဖြစ်တဲ့အတွက် ရပ်ရွာလုံခြုံရေးကို အထောက်အကူ ဖြစ်စေတဲ့အတွက် အကြံပြုဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ယခုတင်ပြတဲ့ ဥပဒေဟာ ယခင်ကလည်း ဧည့်စာရင်းတိုင်ကြားခဲ့သလို အရေးယူ စစ်ဆေးခြင်းများလည်း မပါဘူး။ ရပ်ကွက်အုပ်ချုပ်ရေးမှူး လူစိမ်းအဝင်/အထွက် သိရှိနိုင်ရန်အတွက် အသိပေး တင်ပြခြင်းသာဖြစ်တဲ့အတွက် အများအကျိုး၊ တိုင်းပြည်အကျိုး၊ ပြည်သူလူထုရဲ့ လုံခြုံမှု အတွက် ရှေးရှုပြီးတော့ လုံခြုံရေးအမြင်နဲ့ အတည်ပြုသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေသည် အုပ်ချုပ်ရေးလုပ်ငန်းဆိုင်ရာများမှာ အခြေခံကျတဲ့ ဥပဒေတစ်ခု ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် အုပ်ချုပ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုဆောင်ရွက်နိုင်ရန် ပြည်သူလူထုအကျိုးအား ပိုမိုကာကွယ်နိုင်ရန်အတွက် ဒီထက်မက ပြည့်စုံသော အချက်အလက်များဖြင့် ဖြည့်သွင်း ရေးဆွဲသင့်ပါကြောင်း အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၀။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော် များ၊ ကြွရောက်လာကျတဲ့ ဧည့်သည်တော်များအားလုံး ကျန်းမာ ချမ်းသာပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။ ယနေ့ ဆွေးနွေးမယ့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ တတိယအကြိမ် ပြင်ဆင်ခြင်းကိစ္စမှာ အဓိကအားဖြင့် ဥပဒေကြမ်းရဲ့ တင်ပြပြီးသား စာသားတွေထဲမှာ လိုဖြည့်၊ ပိုနုတ် စာပြင်အလုပ်လည်း လုပ်သင့်တာ လုပ်ကြပါ။ ကျွန်တော်ကတော့ အားလုံးကိုခြုံငုံပြီး သုံးသပ်မှာဖြစ်တဲ့အတွက် အဲဒီဟာလေးထဲ ကောင်းနိုးရာရာကို ထုတ်နုတ်ပြီးတော့ ကျွန်တော်တို့ ပြန်လည်ကိုးကားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းဆိုသည်မှာ အချော မဟုတ်သေးတဲ့အတွက် လိုတိုး ပိုလျှော့အားလုံးလုပ်လို့ရတဲ့ အနေအထားလို့ ကျွန်တော် ယုံကြည် ပါတယ်။

ဒီမှာ ကျွန်တော် တင်ပြလိုတာက ရပ်/ကျေးအုပ်ချုပ်မှုအတွက် မြန်မာပြည် လွတ်လပ်ရေး ရပြီးစ ၁၉၄၈၊ ၁၉၆၂ ကြားကာလ ဒီမိုကရေစီခေတ်ကာလမှာ စာပေဗိမာန်က သူကြီးလက်စွဲ၊ ပြည်သူ့လက်စွဲ၊ ပြည်သူ့နီတိဆိုတဲ့စာအုပ်တွေ ပြည်သူတွေသိရှိဖို့ ထုတ်ဝေခဲ့ပါတယ်။ ပြီးတော့ ကမ္ဘာ့ ဒီမိုကရေစီနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ ဂျပန်၊ အမေရိကား၊ အင်္ဂလန် စတဲ့နိုင်ငံတွေက ကျေးလက်

အုပ်ချုပ်ရေးတွေ ဒီမိုကရေစီစနစ်နဲ့ အုပ်ချုပ်တာတွေ မှီငြမ်းပြုသင့်ပါတယ်လို့ တင်ပြလိုပါတယ်။ ဘာလို့လဲ အခု ကျွန်တော်တို့ ထုတ်နုတ်ထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဆိုတဲ့လက်စွဲ ကျွန်တော့်ဆီမှာ နှစ်အုပ်၊ သုံးအုပ်လောက်ရှိပါတယ်။ ဒါပေမဲ့ အဲဒီထဲက တင်ပြထားတဲ့ အချက်အလက်တွေက ကျွန်တော်တို့ ၁၉၆၂ ခုနှစ်နောက်ပိုင်း တော်လှန်ရေးကောင်စီအစိုးရ မတ်လ တက်ပြီးနောက်ပိုင်းမှာ ရေးဆွဲပြဋ္ဌာန်းထားတဲ့ အချက်အလက်တွေ ဆိုတော့ကာ ကျွန်တော်တို့ ပြည်သူတွေခံစားရတာ ပြည်သူတွေရဲ့ တကယ့်အတွေ့အကြုံ၊ ဒါတွေ မပါဘဲနဲ့ သူတို့ ရေးဆွဲပြဋ္ဌာန်း ထားတဲ့အချက်အလက်တွေ ဖြစ်တဲ့အတွက် တချို့အချက်အလက်တွေဟာ ကျွန်တော်တို့ တကယ့်ဥပဒေ ပညာရှင်ကြီးတွေတောင်မှ  သူတို့က အကြံပေးအနေအထားဖြစ်ပြီးတော့၊ တကယ့် စီရင်ဆုံးဖြတ် ပြီးတော့ လုပ်ပိုင်ခွင့်ရှိတာက ဆိုက်ကားဆရာတွေ၊ မြင်းလှည်းဆရာတွေ၊ ပခုံးထမ်းအလုပ်သမားတွေ လုပ်ခဲ့တယ်ဆိုတော့ကာ အဲဒီရဲ့အနွယ်အဆက်တွေက ကျွန်တော်တို့ ဆက်လက် ပါလာတယ်လို့ ကျွန်တော် အငွေ့အသက်တွေ တွေ့ရှိရပါတယ်။ အဲဒီတော့ ဒီအထဲမှာ ကျွန်တော်တို့ ပြဋ္ဌာန်းထားတဲ့ အချက်အလက်တွေကလည်း ရေးဆွဲထားတာတွေက၊ တချို့ဟာတွေက စာအနေနဲ့သာ ပါရှိပြီးတော့ တကယ့်အနေနဲ့ လုပ်ဆောင်လို့ရတဲ့ အချက်အလက်တွေ မရှိဘူးဆိုတာ တွေ့ရပါတယ်။

နောက်တစ်ခုကလည်းပဲ ကျွန်တော်တို့ ပြီးခဲ့တဲ့ကာလတိုင်အောင်ပဲ အုပ်ချုပ်ရေးမှူးအနေနဲ့ လုပ်ဆောင်ခဲ့တာတွေ နောက် ကျွန်တော်တို့ ပြီးခဲ့တဲ့ စောစောကကျွန်တော်တင်ပြ အစီရင်ခံခဲ့တဲ့ ၁၉၄၈၊ ၁၉၆၂ ကာလအတွင်းက သူကြီးအုပ်ချုပ်ရေးကာလဆိုတာ ရှိပါတယ်။ အဲဒီ သူကြီးအုပ်ချုပ်ရေးကာလ မှာ ဆိုတာက အင်မတန်မှ ဩဇာတိက္ကမနဲ့ ကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်ပြီးတော့ အသက်အားဖြင့် ဆိုလို့ရှိရင် သမ္မာရင့်ကျက်တဲ့ အသက်အရွယ် ကြီးရင့်တဲ့သူ ဖြစ်တယ်။ သူ့မှာ ဗဟုသုတ အတွေ့အကြုံလည်း ရှိပြီးတော့ ရပ်ကွက်၊ ကျေးရွာ၊ ဒေသအားလုံးက လူတွေကလည်း ရိုသေလေးစားမှု အင်မတန်မှ ခိုင်မာတဲ့လေးစား မှုမျိုးဖြစ်ပါတယ်။ အဲဒီ သူကြီးအုပ်ချုပ်ရေးမှာ သူ့မှာက----

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး။ ခင်ဗျား ဆွေးနွေးရမှာက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကွဲလွဲချက်တွေ ဆွေးနွေးရမှာ။ အဲဒါပဲ အဓိကထားဆွေးနွေးပါ။

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဟုတ်ကဲ့။ ကျွန်တော် အဲဒီထဲက သုံးချက်ဆွေးနွေးမယ်။ အဲဒီ သုံးချက်ကတော့ တစ်ချက်ကတော့ ကျွန်တော်တို့ အသက်အရွယ်နဲ့ ပတ်သက်တဲ့ (၂၅)နှစ်ဆိုတာ သူတို့ သတ်မှတ်ထားတာဖြစ်တယ်။ အဲဒီ အသက် (၂၅)နှစ်ဆိုတာကလည်း တကယ့်တကယ်တော့ ကျွန်တော်တို့ အရွယ်ရောက်အဆင့်အနေနဲ့ သတ်မှတ်တာဖြစ်တယ်။ ကျွန်တော်ဖြစ်စေချင်တာက ကျွန်တော့်ဆန္ဒအရ စိတ်ပိုင်းဆိုင်ရာရင့်ကျက်ဖို့ ကလည်း အရေးကြီးပါတယ်။ စိတ်ပိုင်းဆိုင်ရာရင့်ကျက်ဖို့ မရှိဘူးဆိုလို့ရှိရင် ဘယ်လိုဆုံးဖြတ်မလဲ။ ဘယ်လိုခန့်ညားစွာနဲ့ ဩဇာတိက္ကမတွေရမလဲ။ ပြည်သူတွေ ဒါမှမဟုတ် သူ့ရဲ့အုပ်ချုပ်ခံ သူ့ရဲ့ဒေသမှာ ရှိတဲ့သူတွေက ဘယ်လိုလျှောက်လဲကြမလဲ။ ဘယ်လိုလက်ခံကြမလဲ။ ဒါတွေက ကျွန်တော်တို့ အင်မတန် အရေးကြီးပါတယ်။ ဒီအချက်အလက်တွေဟာ ကျွန်တော်တို့ စဉ်းစားဆုံးဖြတ်တဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အနေအထားဖြစ်ပါတယ်။

နောက်စောစောကပြောတဲ့ ဥပဒေရဲ့ခိုင်မာမှု ဒါ ကျွန်တော်တို့ ကျွန်တော်ပြောမှာက နှစ်ချက်၊ သုံးချက်ဆိုတော့က ဒီဥပဒေရဲ့ ခိုင်မာမှုကို ကျွန်တော် ဖြတ်ပြီးတော့ပြောမယ်။ စောစောက အရွယ်ရဲ့ တင့်တယ်ခန့်ညားခြင်း၊ ဩဇာတိက္ကမကြီးခြင်းကို ကျွန်တော် ဆိုချင်တာပါ။ အခုဟာက ဥပဒေရဲ့ ခန့်ညားလေးနက်ခြင်းရှိမှသာ ဘာပဲဖြစ်ဖြစ် အဲဒီဥပဒေဟာ ကျွန်တော်တို့ လေးစားလိုက်နာရမယ့် ပြည်သူတွေရဲ့တာဝန် ဖြစ်လာပါတယ်။ ဥပဒေဆိုတာ လူ့စည်းကမ်းနဲ့ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကို ထိန်းချုပ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေဖြစ်ပါကြောင်း အဲဒီလို ကျွန်တော် နားလည်ထားပါတယ်။ အဲဒါဟာ ဒီမိုကရေစီရဲ့ အချက်အလက်တွေဖြစ်တယ်။ ဥပဒေကို လေးစားလိုက်နာတယ်ဆိုရင်...

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ ကိုယ်စားလှယ်ကြီးပြောတာ ဘယ်ပုဒ်မတွေ ဆွေးနွေးမှာလဲ။ ကျွန်တော်ပြောတာက။ သိတယ်ဆိုရင်လည်း ပုဒ်မကို ဆွေးနွေးလေ။ ခင်ဗျား အခုက ပုဒ်မ မပါဘူး ဖြစ်နေတယ်။ ခြုံငုံတာ မဟုတ်ဘူး။ ကျွန်တော်ပြောတာ ရှင်းရှင်းလေး။ ကျွန်တော်တို့ ကျန်တဲ့ဟာတွေ အမျိုးသားလွှတ်တော်က အတည်ပြုတာရှိတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ကွဲလွဲတာကို ဆွေးနွေးရမှာ။ ကျန်တာတွေက အကုန်အတည်ပြုပြီးသားတွေ။

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ အဲဒီလိုဆို ကျွန်တော် နိဂုံးချုပ်ပါ့မယ်။ ကျွန်တော် ဘယ်ဟာမှ မကြိုက်သေးပါဘူး။ စာအုပ်ကြီးလည်း ကျွန်တော့်မှာ ရှိပါတယ်။ အဲဒီဟာကြောင့်-------

**ဥက္ကဋ္ဌ**။ ။ အဲ့ဒါတွေက အကုန်အတည်ပြုပြီးသား။ အမျိုးသားကလည်း အတည်ပြုပြီး၊ ပြည်သူ့ကလည်း အတည်ပြုတာရှိတယ်။ ကွဲတဲ့ဟာကို ကျွန်တော်က ဆွေးနွေးရမှာ။

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ မှန်ပါတယ်။ မှန်ပါတယ်။ ကျွန်တော် ဒါ့ကြောင့်မို့လို့ ကျွန်တော် ခြုံငုံပြီးတော့တင်ပြပါရစေဆိုတဲ့အနေနဲ့ ကျွန်တော် တောင်းခံထားခြင်း ဖြစ်ပါတယ်။ အဲဒီလိုဆိုလို့ရှိရင် ကျွန်တော် ဘာမှ တင်ပြစရာမရှိတော့ပါဘူး။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၆။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ဒီဥပဒေဟာ ကျွန်တော် တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေဖြစ်ပါတယ်။ အရင်က ဒီဥပဒေကို ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေကို ကျေးရွာအုပ်ချုပ်ရေးမှူးများကို ခန့်အပ်တဲ့နေရာမှာ ထွေအုပ်ကနေပြီးတော့ ခန့်အပ်တဲ့အတွက် အခုဒီဥပဒေကတော့ ထွေ/အုပ်ပါဝါကို လျှော့ချပြီးတော့ ပြည်သူ့ဗဟိုပြုတဲ့ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးမှူးကို ရွေးချယ်တဲ့စနစ် ဖြစ်ပါတယ်။ ဒါ့ကြောင့် မို့လို့ ကျွန်တော် ပြင်ဆင်တဲ့ ဥပဒေကို ကျွန်တော် ပြောပြပါ့မယ်။ နံပါတ်(၁) ကျွန်တော် ပုဒ်မ ၄ ဖြစ်ပါတယ်။ ပုဒ်မ ၄ က၊ ပြည်သူ့လွှတ်တော် ပုဒ်မ ၄ မှာက အိမ်ထောင်စုကိုယ်စားလှယ်များ ဆိုတဲ့ဟာကို

ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုထားတာ ရှိပါတယ်။ ဒါက ထပ်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုထားတာဖြစ်တဲ့အတွက် ထပ်ပြီးအဓိပ္ပာယ်ဖွင့်ဆိုစရာ မလိုတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီဥပဒေတစ်ခုလုံးမှာလည်း ဒီအဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အတိုင်းပဲ သုံးထားတာ ဖြစ်ပါတယ်။ အိမ်ထောင်စုတစ်ခုရဲ့ အိမ်ထောင်ဦးစီး သို့မဟုတ် အသက်(၁၈)နှစ်ပြည့်ပြီးသော မိသားစုဝင်တစ်ဦးဦးကို ဆိုတဲ့စကားရပ်ကို ဒီဟာ အကြိမ်ဖန်များစွာ သုံးထားတဲ့အတွက် အဓိပ္ပာယ်ဖွင့်ဆိုစရာ မလိုတော့ပါဘူး။

နောက် ဒုတိယအချက်ကတော့ ပုဒ်မ ၄ က ပညာအရည်အချင်းသတ်မှတ်ချက် ဖြစ်ပါတယ်။ ဒီ ပညာအရည်အချင်းသတ်မှတ်ချက်က အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားပြီးဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်က မူလပြဋ္ဌာန်းချက်အတိုင်းဖြစ်သင့်တယ်ဆိုပြီးတော့ သင့်တင့်သော ပညာအရည်အချင်း ဖြစ်ခြင်းဆိုတဲ့ဟာကို ဒါကိုအတည်ပြုထားတာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီကော်မတီမှာ ဒီကိစ္စနဲ့ အကြိမ်ဖန်များစွာ ဆွေးနွေးပါတယ်။ သို့သော် ဆွေးနွေးတဲ့အခါမှာ ပညာအရည်အချင်းသတ်မှတ်တဲ့အခါမှာ မူလတန်းအဆင့်အောင်ပြီးသူလား၊ အလယ်တန်းအဆင့်အောင်ပြီးသူလား၊ အထက်တန်းအဆင့်အောင်ပြီးသူလား စသည်အားဖြင့် ဒီလို့လျှော့ချလိုက်တဲ့အခါမှာ နောက်ဆုံး ဒီပုဒ်မတစ်ခုလုံးကို ပယ်ဖျက်လိုက်တာ ဘာပြုလို့လဲဆိုတော့ ဒီအချိန်မှာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) က ဒေါ်နော်ဆာမူထူး က ဘာပြောလဲဆိုတဲ့အခါကျတော့ ကျွန်မတို့ဆီမှာ ပညာအရည်အချင်း တစ်တန်းမှ မတတ်ဘူး။ အတန်းပညာမနေရတဲ့အတွက် ပညာအရည်အချင်း မတတ်တဲ့အတွက် သူ့မှာ ပညာအရည်အချင်းမရှိဘူး။

သို့သော်လည်း ပြင်ပဆည်းပူးလေ့လာခြင်းအရ အင်္ဂလိပ်စကားကိုလည်း ပြောတတ်တယ်။ မြန်မာစာကိုလည်း ပီပီသသရေးတတ်၊ ဖတ်တတ်တယ်။ အားလုံးအဆင်ပြေတယ်ဆိုတဲ့အခါကျတော့ ပညာအရည်အချင်းမရှိတဲ့ ကျေးရွာသူတွေဖြစ်တဲ့အတွက် အခြားဒေသကနေလာပြီးတော့ အုပ်ချုပ်ရေးမှူး လုပ်ရမှာလား ဆိုတဲ့အခါကျတော့ အဲဒီဟာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အများကြီးဆွေးနွေးခဲ့တယ်။ အဲဒီခါကျတော့ ကျွန်တော်တို့က ဘာလုပ်လဲ ဆိုတဲ့ခါကျတော့ ဒီသင့်တင့်သော ပညာအရည်အချင်း ပုဒ်မတစ်ခုလုံးကို ဖြုတ်ချထားတာတွေရှိတယ်။ ဒါ့ကြောင့်မို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဒီမှာ ဖြစ်သင့်တယ်ဆိုတာကို ကျွန်တော် ဆွေးနွေးတာဖြစ်ပါတယ်။

နောက်ပြီးတစ်ခုက ပုဒ်မ သူ့ရဲ့အောက်မှာပဲ ပုဒ် ၆ ဆိုပြီးတော့ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဃ)ကို ပယ်ဖျက်ရမည်ဆိုတာ ဒါကလည်း အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားတဲ့အတိုင်းကို ပြန်ပြီးရေးထားတာ ဖြစ်တယ်။ ဒီရေးထားပြီးတော့ ပုဒ်မ အမှတ်စဥ်ကို ဒီမှာစဥ်ထားတယ်။ ဒီမှာ ပုဒ်မအမှတ်စဥ် (၆)ဆိုပြီး စဥ်ထားတဲ့အတွက် ပုဒ်မအမှတ်စဥ် စဥ်စရာမလိုပါဘူး။ ပယ်ဖျက်တယ်ဆိုရင် ပုဒ်မအမှတ်စဥ် စဥ်စရာမလိုပါဘူး။ ပုဒ်မအမှတ်စဥ် စဥ်လိုက်တဲ့အတွက် နောက်ပိုင်းပုဒ်မတွေဟာ အကုန်အမှတ်စဥ်ပြောင်းသွားတာ ဖြစ်တဲ့အတွက် ဒီတစ်ချက် နောက်တစ်ခုက ပြည်သူ့လွှတ်တော်က တင်ပြထားတဲ့ ၇(ဂ) ဖြစ်ပါတယ်။ ၇(ဂ) မှာက ရာအိမ်စု အသီးသီးတွင်လို့ ဒါပြင်ဆင်ထားတာဖြစ်တယ်။ ဒီအချိန်မှာ ကျွန်တော်တို့ ဒီ ဥပဒေမှာ ရာအိမ်စုဆိုတဲ့ ဖွဲ့စည်းပုံမှာ မပါ ပါဘူး။ ၇(က)မှာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး အိမ်ထောင်စု စာရင်းများကို အစဥ်လိုက်ရယူ၍ ဆယ်အိမ်စုအဖွဲ့အစည်းများကိုသာ ဖွဲ့စည်းရမယ်လို့ ဒီမှာက ဖွဲ့စည်းတာ၊ ဒီဥပဒေ တစ်ခုလုံးမှာ ရာအိမ်စု ဆိုတဲ့စကားရပ် မပါ ပါဘူး။ ရာအိမ်မှူးပဲ သုံးလို့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ

ရာအိမ်စုဆိုတဲ့စကားရပ် သုံးထားတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းသာ ဖြစ်သင့်တယ်ဆိုတာ ကျွန်တော် ဆွေးနွေးပါတယ်။

နောက် ပုဒ်မ ၈(ခ) ဖြစ်ပါတယ်။ ပုဒ်မ ၈(ခ)က ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆယ်အိမ်မှူးအလိုက် ရာအိမ်မှူးများကိုလည်းကောင်း၊ ကျေးရွာတာဝန်ခံများကိုသာ ရွေးချယ်ပေးရမည်ဆိုတာ အဲဒါခုနတုန်းက ဦးကင်းရှိန် ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ဒါက ပုဒ်မ ၇(ခ)မှာလည်း ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားတာ ရှိပါတယ်။ ပြည်သူ့လွှတ်တော်က ဆယ်အိမ်စုမှူးတွေကိုလည်း ရွေးချယ်ထားပါတယ်။ နောက်ပြီးတော့ ရာအိမ်စုမှူးတွေကိုလည်း ရွေးချယ်ထားပါတယ်။ ကျေးရွာတာဝန်ခံတွေကိုလည်း ရွေးချယ်ထားတာ ဖြစ်ပါတယ်။ နောက်ပြီးတော့ မူလဥပဒေမှာကိုလည်း ပုဒ်မ ၇(ည)မှာလည်း အပြီးရွေးချယ်ထားပြီး ဖြစ်ပါတယ်။ ပုဒ်မ ၇(ခ)မှာလည်း ရွေးချယ်ထားပြီး ဖြစ်တဲ့အတွက် ဒီမှာ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်းဆိုရင် ဒီ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေကို ထပ်မံရွေးချယ်ရမယ့် သဘောဖြစ်နေပါတယ်။ အခုင် ပြည်သူကရွေးချယ်ထားတဲ့ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေဟာ ပလုံပဲ ဘာမှလုပ်လို့ မရတော့ပါဘူး။ ဒါကြောင့်မို့လို့ အခုပြဋ္ဌာန်းထားတဲ့အတိုင်းဆိုရင်တော့ အုပ်ချုပ်ရေးမှူးနဲ့ ကြီးကြပ်ရေး အဖွဲ့က သဘောတူညီချက်နဲ့သာ ရွေးချယ်ရမှာ ဖြစ်တဲ့အတွက် ဒီဥပဒေပြဋ္ဌာန်းချက်ကို ပယ်ဖျက်ဖို့ ဆွေးနွေးပါတယ်။

နောက်တစ်ခုက ပုဒ်မ ၁၃(ဌ) ဖြစ်ပါတယ်။ ၁၃(ဌ)က တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စစ်ဆေးရန်လိုအပ်သော နေအိမ်ဥပစာနှင့် နေရာများကို လုံလောက်သော အကြောင်းပြချက်ဖြင့် စနစ်တကျဝင်ရောက်စစ်ဆေးရမည်ဆိုတဲ့ ပုဒ်မဖြစ်ပါတယ်။ ဒါက အမျိုးသားလွှတ်တော်က အတည်ပြုချက်ထဲမှာ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စစ်ဆေးရန်လိုအပ်သော နေရာများကို လုံလောက်သော အကြောင်းပြချက်ဖြင့် ဆိုတဲ့ဟာက ပြည့်စုံပြီးသားဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မှုခင်းကျဆင်းရေးဆိုတဲ့ နေရာမှာ ဒီဥစ္စာ Criminal ဖြစ်တယ်။ ဒီ Criminal ဒီ Action တွေကို အုပ်ချုပ်ရေးမှူးက လုံးဝလုပ်ခွင့်မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဖြစ်သင့်ပါတယ်လို့ ကျွန်တော် ဆွေးနွေးပါတယ်။

နောက်တစ်ခုက ပုဒ်မ ၁၆ ဒါက ဦးလှဦး တို့ ဆွေးနွေးပြီးသား ဖြစ်တဲ့အတွက် ကျွန်တော် မဆွေးနွေးတော့ပါဘူး။ နောက်ဆုံးပုဒ်မကတော့ ပုဒ်မ ၁၇ ဖြစ်ပါတယ်။ ပုဒ်မ ၁၇ က အမျိုးသားလွှတ်တော်ကနေ ပယ်ဖျက်ထားပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ဒါကို ပြန်လည်ပြီးတော့ ဖြည့်စွက်ထားတာ ရှိပါတယ်။ ဒါကလည်း ကျွန်တော်တို့ ဒီ ဧည့်စာရင်းတိုင်ခြင်း ပုဒ်မ ၁၇(က)၊ (ခ)မှာက ဧည့်စာရင်းတိုင်ရမယ်။ နောက်ပြီးတော့ ပြန်သွားရင် သတင်းပို့ရမယ်ဆိုတဲ့ဟာကို လုံးဝ အမျိုးသားလွှတ်တော်ကလည်း အတည်ပြုပြီးတော့ လွှတ်တော်ကလည်း အတည်ပြုထားပြီးဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဖြစ်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပုဒ်မ ၁၃ (ဃ)မှာလည်း ဖော်ပြထားပြီး ဖြစ်ပါတယ်။ ပုဒ်မ ၁၉(က)မှာလည်း သက်ဆိုင်ရာကို သတင်းပေးပို့ရမည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ကျွန်တော်တို့ ဒီ ဧည့်စာရင်းပုဒ်မက မလိုအပ်တဲ့အတွက် ပယ်ဖျက်သင့်ပါကြောင်း ဆွေးနွေး ရင်းနဲ့ ကျွန်တော် ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇောဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြပါသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်များနဲ့အတည်ပြုပြီး ပြန်လည်ပေးပို့လာတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ပုဒ်မ(၃)ခုကို ပြင်ဆင်အကြံပြုချက်များနှင့်အတူ ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ Power Point Presentation အသုံးပြုတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ပုဒ်မ ၅ ကို ပြည်သူ့လွှတ်တော်မှ ခြွင်းချက်ထည့်၍ အတည်ပြုထားတာ တွေ့ရပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများထဲတွင် နေထိုင်သူများထဲမှ ပြင်ပမှာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများဖြင့် အောင်မြင်နေသူအများစုဟာ အုပ်ချုပ်ရေးမှူးတာဝန်ကို ရပ်/ရွာက လေးစားကြည်ညိုလို့ ရွေးချယ်ခန့်အပ်ချင်ပြီး ကာယကံရှင်ကိုယ်တိုင်ကလည်း ကိုယ့်ရပ်ကွက်၊ ကျေးရွာအုပ်စုအတွက် ထမ်းဆောင်ရန် ဆန္ဒရှိသည့်တိုင် လက်တွေ့မှာ မိမိရဲ့ လုပ်ငန်းတာဝန်များကြောင့် ထမ်းဆောင်နိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ သို့သော်လည်း ဒေသခံအငြိမ်းစားဝန်ထမ်းများ အနေနဲ့ကတော့ ရုံးဌာန အတွေ့အကြုံလည်းရှိ၊ လက်ရှိ အငြိမ်းစားယူပြီးလည်းဖြစ်၍ အုပ်ချုပ်ရေးမှူးတာဝန် ထမ်းဆောင်ရန် ရပ်/ရွာက လေးစား ကြည်ညိုလို့ ရွေးချယ်ခဲ့ရင်ပင် ရပ်ကွက်၊ ကျေးရွာအတွင်း တစ်ဆက်တည်း အနည်းဆုံး(၅)နှစ် နေထိုင်ခဲ့ရမယ်ဆိုတဲ့ အချက်ကြောင့် ကန့်သတ်ချက် မဖြစ်စေသင့်တဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြု ပြဋ္ဌာန်းချက် အတိုင်း အတည်ပြုပေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ပုဒ်မ ၁၇ ကို အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားပြီး ပြည်သူ့လွှတ်တော်က ပုဒ်မ ၁၇ ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်လနှင့်အထက်ကျော်လွန်၍ လာရောက်တည်းခိုနေထိုင်သူများရှိပါက လူမှုအထောက်အကူပြုနိုင်ရန်အတွက် သတ်မှတ်နည်းလမ်းများနှင့်အညီ အသိပေးအကြောင်းကြားရမည်လို့ ပြင်ဆင်ထားပါတယ်။ ကျွန်တော့်အနေဖြင့် ပုဒ်မ ၁၇ ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ပြင်ပမှာလာရောက် တည်းခိုနေထိုင်သူများရှိပါက လုံခြုံရေး၊ လူမှုရေးအရလိုအပ်ခဲ့လျှင် မှတ်တမ်းအဖြစ် အထောက်အထားရယူနိုင်ရန်နှင့် လူမှုအထောက်အကူပြုနိုင်ရန်အတွက် သတ်မှတ်နည်းလမ်း

များနှင့်အညီ အသိပေးအကြောင်းကြားရမည်လို့ ပြင်ဆင်ထည့်သွင်းသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

မူလဥပဒေပြဋ္ဌာန်းချက်ပါ ဧည့်စာရင်း တိုင်ကြားခြင်း၊ ဧည့်စာရင်း စစ်ဆေးခြင်းဟာ ပြည်သူလူထု အသက်အိုးအိမ်လုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် အရေးပါတဲ့ ခြံစည်းရိုးနဲ့ တံခါးပဲ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထု လုံခြုံရေးအတွက် အရေးပါတဲ့ လုံခြုံရေးဆိုင်ရာ ဥပဒေတွေ၊ ဥပဒေပါ အချက်တွေကို စိတ်ခံစားချက်နဲ့ ပယ်ဖျက်နေခြင်းဟာ ပြည်သူလူထုလုံခြုံရေးကို မျက်ကွယ်ပြုဆုံးဖြတ်နေတယ်ဆိုတာ သတိပြုဖို့ လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းနေဆဲကာလ၊ အကြမ်းဖက်သမားများ အန္တရာယ်ကို သတိပြုနေရတဲ့ကာလမှာ ကိုယ့်အိမ်၊ ကိုယ့်စည်းရိုး လုံခြုံဖို့ကို အဖက်ဖက်ကစဉ်းစားပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဆန္ဒမဲများရာဖြင့် ပယ်ဖျက်ခဲ့တဲ့ ပုဒ်မ ၁၇ ဟာ မရှိမဖြစ် လိုအပ်တဲ့အတွက် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ထည့်သွင်းခြင်းဟာ ပြည်သူလူထု လုံခြုံရေးအတွက် အထောက်အကူ ရရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်။ အုပ်ချုပ်ရေးမှူးရုံးကို အသိပေးစေခြင်းဟာ ကျွန်တော်တို့အနေနဲ့ အခမ်းအနားတွေ၊ အစည်းအဝေးတွေ တက်ရောက်တဲ့အခါ အစည်းအဝေးတက်ရောက်သူများအနေနဲ့ Register လုပ်ထားသလို လိုအပ်ရင် ဆက်သွယ်နိုင်အောင် မှတ်တမ်းယူထားခြင်းသာ ဖြစ်ပါတယ်။

ဟိုတယ်၊ တည်းခိုခန်းတွေမှာ သွားရောက်တည်းခိုတဲ့ အခါမှာလည်း အဲဒီ ဟိုတယ်၊ တည်းခိုခန်းမှာ နိုင်ငံသားစိစစ်ရေးကတ် အပ်ပြီးတော့ Register လုပ်ထားရတဲ့ နည်းတူ မှတ်တမ်းတင်ထားရတဲ့ သဘောမျှသာ ဖြစ်ပါတယ်။ ဒီလို Register ပြုလုပ်ထားခြင်းဟာ ညအချိန်မတော် ဧည့်စာရင်း စစ်ဆေးခြင်းမျိုးကို ခွင့်ပြုထားတာ မဟုတ်ဘဲ ပြစ်မှုကျူးလွန်သူတစ်ဦး သို့မဟုတ် ကြံစည်သူတစ်ဦး ရောက်ရှိနေကြောင်း ခိုင်လုံတဲ့ သတင်းရရှိတဲ့အခါ ဟုတ်၊ မဟုတ် ကနဦးမှတ်တမ်းများကို တိုက်ဆိုင်စစ်ဆေးနိုင်ပြီး လိုအပ်မှသာ လုံခြုံရေးအရ တာဝန်ရှိသူတွေ၊ အဖွဲ့အစည်းတွေအနေနဲ့ စစ်ဆေးမှာ ဖြစ်တဲ့အတွက် သာမန်ပြည်သူတွေ အနေနဲ့ အုပ်ချုပ်ရေးမှူးထံကို မိမိရဲ့ ဧည့်သည်ရဲ့အမည်စာရင်း ပေးပို့ထားပြီးဖြစ်လို့ ပူပင်ကြောင့်ကြစရာ မလိုအပ်တော့ပါဘူး။ မကြာသေးမီကာလက ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့တဲ့ လူသတ်မှုများဟာ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအလိုက် မိမိဒေသမှာလာရောက်တည်းခိုနေထိုင်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အသိပေးမှတ်ပုံတင် ထားရှိခဲ့ပါက တရားခံများကို ရှာဖွေဖော်ထုတ်ရာမှာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပြု အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ကျွန်တော်တို့ ပြဋ္ဌာန်းအတည်ပြုပေးလိုက်တဲ့ ဥပဒေတစ်ရပ်ဟာ ကိုင်တွယ်ကျင့်သုံးမယ့် အဖွဲ့အစည်းအနေနဲ့ရော ပြည်သူလူထုအတွက်ပါ မျှတမှုရှိစေရန် လိုအပ်ပါတယ်။ ဥပဒေပြုမဏ္ဍိုင်မှာ တာဝန်ထမ်းဆောင်နေတဲ့ ကျွန်တော်တို့တတွေဟာ တစ်ချိန်ချိန်မှာ သာမန်ပြည်သူတစ်ယောက် ဖြစ်လာမှာဖြစ်သလို တစ်ခါတရံမှာလည်း အုပ်ချုပ်ရေးမဏ္ဍိုင်မှာ တာဝန်ထမ်းဆောင်ရတဲ့ အခါမျိုးလည်း ရှိကောင်းရှိလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေတစ်ရပ်ဟာ အဖက်ဖက်က ရေရှည်မျှတ အကျိုးရှိစေမယ့် ပြဋ္ဌာန်းချက်မျိုး ဖြစ်ဖို့ကို အထူးအလေးထားသင့်ပါတယ်။ ရန်ကုန်မြို့လို အထပ်မြင့် အဆောက်အအုံ၊ တိုက်ခန်းတွေ များစွာရှိပြီး လူဦးရေထူထပ်များပြားကာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအရ ကူးလူးသွားလာ နေထိုင်သူများတဲ့ မြို့ကြီးပြကြီးများနဲ့ နယ်မြေဒေသ ကျယ်ဝန်းတဲ့ဒေသတွေမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက မိမိရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း လာရောက်တည်းခိုနေထိုင်သူတွေကို သက်ဆိုင်ရာ အိမ်ရှင်ဖြစ်သူက တရားဝင်အသိပေး အကြောင်းကြားထားခြင်းမရှိဘဲ လူဝင်၊ လူထွက် စာရင်းကို မိမိအစီအစဥ်နဲ့ သိရှိအောင် ပြုလုပ်ရမယ်ဆိုတာ လက်တွေ့မှာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စ တစ်ရပ်သာ ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများက မိမိနေအိမ်မှာ ပြင်ပမှ လာရောက်တည်းခိုနေထိုင်သူများရှိပါက လိုအပ်လျှင် မှတ်တမ်းအဖြစ် အထောက်အထားရယူနိုင်ရန် သတ်မှတ်နည်းလမ်းများနှင့်အညီ အုပ်ချုပ်ရေးမှူးရုံးကို အသိပေးထား ခြင်းဟာ မိမိအတွက်ရော၊ မိမိရပ်ရွာအတွက်ပါ လုံခြုံစိတ်ချမှု ရရှိစေမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ရန်ကုန်မြို့မှာ ဖြစ်ပွားခဲ့တဲ့ အိမ်တွင်းကလေးသူငယ် အကြမ်းဖက်မှုမှာ တကယ်လို့ သတ်မှတ်နည်းလမ်း များနဲ့အညီ အိမ်အကူကလေးငယ်များ ရောက်ရှိနေထိုင်ကြောင်း မှတ်ပုံတင်ထားရှိခဲ့လျှင် မသင်္ကာစရာ သတင်းတစ်စုံတရာရရှိလျှင် ရရှိခြင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ အဆိုပါကလေးငယ်များ ထိုအိမ်မှာ ရှိ/မရှိကို ချက်ချင်း မှတ်တမ်းမှတ်ရာများအရ သိရှိနိုင်မှာ ဖြစ်ပါတယ်။ ယခုပြဋ္ဌာန်းချက်ဟာ မိမိတို့နေအိမ်မှာ လာရောက်တည်းခိုနေထိုင်သူတွေဟာ လူကောင်း၊ သူကောင်းတွေဖြစ်ကြောင်း တရားဝင် အသိပေးထားတဲ့ သဘောဖြစ်ပါတယ်။ ဒီလိုတရားဝင် သတ်မှတ်နည်းလမ်းများနှင့်အညီ အသိပေးထား ပါလျက် ခိုင်လုံသော အကြောင်းပြချက်၊ အထောက်အထားမရှိဘဲ ညအချိန်မတော် ဝင်ရောက် စစ်ဆေးခဲ့ပါက စစ်ဆေးတဲ့ အုပ်ချုပ်ရေးမှူးရဲ့ တာဝန်သာဖြစ်လာမှာ ဖြစ်ပါတယ်။ တကယ်လို့ ပြစ်မှု ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် လာရောက်သူကို လက်ခံထားပြီး တရားဝင်အသိပေးအကြောင်း ကြားထားခြင်း မရှိခဲ့ရင်တော့ အိမ်ရှင်ဟာလည်းကြံရာပါအနေနဲ့ တာဝန်ရှိလာမှာ ဖြစ်ပါတယ်။ ဒါဟာ ကျိုးကြောင်း ညီညွတ်မှုရှိတဲ့ ပြဋ္ဌာန်းချက်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ပြစ်မှုတစ်ခု ဖြစ်ပွားတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ပြစ်မှုတစ်ခုကိုသာ အာရုံ စိုက်နေမယ့်အစား ဒီလိုပြစ်မှုတွေ ဘာကြောင့်ဖြစ်ပွားလာသလဲ၊ အလားတူ ပြစ်မှုမျိုးကျူးလွန်နေသူတွေ အခြားနေရာတွေမှာကော ရှိမနေနိုင်ဘူးလား။ ဒီလိုပြစ်မှုမျိုး ကျူးလွန်နိုင်ခြင်းမရှိအောင် ပြည်သူလူထုကို ဘယ်လိုဥပဒေပြဋ္ဌာန်းချက်တွေနဲ့ အကာအကွယ်ပေးထားသင့်သလဲ။ ဘယ်လို အသိပညာပေးဝေမှုတွေ ပြုလုပ်မလဲဆိုတဲ့ ကျယ်ပြန့်တဲ့ ရှုထောင့်အမြင်မျိုးနဲ့ ပြဿနာကို ချဥ်းကပ်ဖြေရှင်းဖို့ လိုအပ်လှပါတယ်။ အထက်က ကျွန်တော် ဆွေးနွေးခဲ့သလို ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို သတ်မှတ်နည်း လမ်းများနဲ့အညီ ပြင်ပမှာ လာရောက်တည်းခိုနေထိုင်သူများရှိပါက အသိပေးအကြောင်းကြားစေခြင်းဖြင့် ကလေးသူငယ်များ၊ အမျိုးသမီးငယ်များကို အိမ်ဖော်အဖြစ် ခေါ်ထားကာ မည်သူကိုမျှ အသိမပေးဘဲ အိမ်တွင်ပိတ်ထားပြီး ညှဥ်းပန်းနှိပ်စက်မှုများကိုလည်း ကြိုတင်ကာကွယ်ပြီးသား ဖြစ်သွားမှာ ဖြစ်ပါတယ်။ အလားတူ ဖောက်ခွဲဖျက်ဆီးခြင်း၊ အခြား မသမာမှုများ ကျူးလွန်ခြင်း၊ အကြမ်းဖက်မှုများ ပြုလုပ်ရန် ကြံစည်ခြင်းများကိုလည်း ကာကွယ်ထားပြီးသားဖြစ်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပုဒ်မ ၁၇ ကို ကျွန်တော့်ရဲ့ အကြံပြုတင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ပုဒ်မ ၁၄(က) ကို ပြည်သူ့လွှတ်တော်မှာ ပယ်ဖျက်ထားပါတယ်။ ကျေးရွာတာဝန်ခံနဲ့ ရာအိမ်မှူးများဟာ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် အကြံပေးခြင်း၊ အထောက်အကူပြုခြင်းကို ဆောင်ရွက်ပေးရန် လိုအပ်သလို ဆယ်အိမ်မှူးများသည်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးများမှာ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရဲ့ ဦးဆောင်စီမံမှုနဲ့အတူ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိတဲ့အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၁၁း၁၁ နာရီအချိန်တွင် ရပ်နားပါသည်။]